# ကျောခိုင်းကြမယ်




ရဲပိုင်၊ အောင်ဇော်နဲ့ ဇာနည်တို့ အလုပ်ကပြန်လာခဲ့ကြတယ်။
ဒီနေ့တော့ တို့တွေ အရမ်းပင်ပန်းတယ်ကွာ
ဒါဆို ကာရာအိုကေ သွားဆိုရအောင်
အတော်ပဲ ငါလည်း သီချင်းဆိုချင်နေတာ
၁


ကာရာအိုကေဆိုင်မရောက်ခင် အရက်ဆိုင်ကို အရင်တွေ့တာနဲ့ အောင်ဇော်က ခေါ်တော့တယ်။
ဟေ့.. ငါတို့ အရက် သောက်ကြည့်ရအောင်
အေး- အပျော်စမ်းသောက် ကြည့်တာပေါ့
ဟင့်အင်း .. ငါက သီချင်းပဲ ဆိုချင်တာကွ


အောင်ဇော်နဲ့ဇာနည် အတင်းဆွဲခေါ်တာကြောင့် ရဲပိုင်ကမလိုက်ချင်ဘဲ အရက်ဆိုင်ထဲကို ပါလာခဲ့တယ်။
သူတို့က ရဲပိုင်လက်ထဲကိုအရက်ခွက် အတင်းထိုးထည့်ပြီး ပြောတယ်။
ရော့. . နည်းနည်း မြည်းကြည့်စမ်းပါကွ
ငါမြည်းကြည့်ဖူးပါတယ် ခါးလည်းခါးတယ် မူးလည်းမူးတယ် ငါမကြိုက်ဘူး
၃


မင်းကြိုက်နေတဲ့ ကောင်မလေးကို စကားလိုက်ပြောဖို့ ကြိုးစားနေတယ် မဟုတ်လား အာသွက်ပြီး ပြောရဲသွားအောင် ဒါလေး သောက်လိုက်ကွ
မသောက်ပါရစေနဲ့ကွာ အာသွက်တာအရေးမကြီးဘူး မူးပြီး ကိုယ့်ကိုယ်ကိုမထိန်းနိုင်တာက ပိုအရေးကြီးတယ်၊


အရက်မူးရင်
သတိလွတ်ပြီး ဘာမှမသိတော့ဘူး
မူးပြီး မှားသွားနိုင်တယ်
ဟိုမှာကြည့်စမ်း
အဲဒီလိုအရက်မူးနေတဲ့အချိန်
အပျော်အပါးလိုက်စားမိရင်
ကိုယ့်ကိုယ်ကိုမကာကွယ်နိုင်တော့ဘူး
ဒီတော့
အိပ်ချ်အိုင်ဗွီပိုး မရှိသေးရင်တောင်
ကူးစက်ခံရနိုင်တယ်
၅


ရဲပိုင်စကားကြောင့် ကျန်တဲ့သူငယ်ချင်းနှစ်ယောက် ငိုင်သွားတယ်။
အိပ်ချ်အိုင်ဗွီပိုး ရှိသွားရင်
အဲဒီပိုးသေသွားအောင် ကုလို့မရဘူး
တစ်နေ့ အေအိုင်ဒီအက်စ်ဖြစ်လာရင်
အလုပ်လုပ်နိုင်တော့မှာ မဟုတ်ဘူး
ဟင်-ဒါဆို
ငါတို့ကမိသားစုကို
ငွေရှာမပေးနိုင်တော့တဲ့အပြင် ငါတို့ကို
ဆေးကုဖို့ မိသားစုက
ငွေအများ ကြီးကုန်မှာပေါ့
ဒါဆိုလည်း . .
ခဏပျော်ဖို့အတွက်နဲ့တော့
ရောဂါရမခံတော့ပါဘူးကွာ
၆

သူတို့သုံးယောက် တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး
အရက်ဆိုင်ကို ကျော်ခိုင်းခဲ့ကြပါတော့တယ်။

